# ကော်မရှင်၏ ကြိုတင်ခွင့်ပြုချက် ရယူရမည့် ကိစ္စရပ်များနှင့် ပတ်သက်၍ အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် တိုင်းဒေသကြီး/ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီများ၏ ခွင့်ပြုမိန့်/အတည်ပြုမိန့်တို့ဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများ အနေဖြင့် အောက်ဖော်ပြပါအချက်များအား လိုက်နာဆောင်ရွက်သွားရန် ဖြစ်ပါသည်–

(က) နိုင်ငံခြားမတည်ငွေရင်း ပမာဏအား ခွင့်ပြုမိန့်/ အတည်ပြုမိန့်ပါ နိုင်ငံခြားမတည်ငွေရင်းယူဆောင်လာရမည့် ကာလအတွင်းတွင် အပြီးယူဆောင်လာရန်နှင့် ပြည့်မီအောင် ယူဆောင်လာခြင်း မပြုနိုင်ပါက ခိုင်လုံသောအကြောင်းပြချက်ဖြင့် ထပ်မံတိုးမြှင့်ခွင့်ကို ကော်မရှင်သို့ ကြိုတင်တောင်းခံရန်။

(ခ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပမာဏ တိုးမြှင့်မည်ဆိုပါက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ ၁၈၄ အရ မူလအဆိုပြု မတည်ရင်းနှီးမြှုပ်နှံမှု၏ ၈၀ ရာခိုင်နှုန်း ထည့်ဝင်ထားသည့် အထောက်အထားများနှင့်အတူ ကော်မရှင်၏ ကြိုတင်ခွင့်ပြုချက် ရယူရန်နှင့် တိုးမြှင့်ခွင့်ပြုပြီးမှသာ ထပ်မံထည့်ဝင်မည့် နိုင်ငံခြားမတည်ငွေရင်းအား ယူဆောင်လာရန်။

(ဂ) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ ၁၉၁ အရ အစုရှယ်ယာလွှဲပြောင်းခြင်းသို့မဟုတ် လုပ်ငန်းလွှဲပြောင်းခြင်းဖြစ်ပါက ကော်မရှင်သို့ ကြိုတင်ခွင့်ပြုချက် ရယူပြီးမှသာ ဆောင်ရွက်ရန်။

(ဃ) ခွင့်ပြုမိန့်/ အတည်ပြုမိန့်ပါ ရင်းနှီးမြှုပ်နှံမှုအရပ်ဒေသ ပြောင်းရွှေ့ဆောင်ရွက်ခြင်းအတွက် ကော်မရှင်၏ ခွင့်ပြုချက် ရယူပြီးမှသာ ဆောင်ရွက်ရန်။

၂။ ကုမ္ပဏီများ အနေဖြင့် အထက်ဖော်ပြပါ အချက်များအား လိုက်နာဆောင်ရွက်သွားရန်နှင့် ကော်မရှင်၏ ခွင့်ပြုချက်ကြိုတင်ယူရမည့် အချက်များနှင့် စပ်လျဉ်း၍ ကြိုတင်ခွင့်ပြုချက် တင်ပြထားခြင်းမရှိဘဲ ကုမ္ပဏီဘက်မှ ဆောင်ရွက်ပြီးမှ ကော်မရှင်သို့ တင်ပြလာခြင်းဖြစ်ပါက ကော်မရှင်အနေဖြင့် အတည်ပြုပေးမည်မဟုတ်ပါကြောင်း အသိပေးအကြောင်းကြားပါသည်။

**မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်**